နိဒါန်း

အမှာစကား

၁။ မြန်မာစာပေသမိုင်းကို လေ့လာလျှင် ကုန်းဘောင်ခေတ် ဒုတိယပိုင်းသည် စကားပြေ အရေးအသား အထွန်းကားဆုံးခေတ် ဖြစ်ပါသည်။ ပို့ကဗျာ လင်္ကာဘက်တွင်လည်း အင်းဝခေတ် စာပေအဆင့်ကိုမှီသော စာဆိုရှင်များ ပေါ်ထွက်ခဲ့သည့်ကာလ ဖြစ်ပါသည်။ ပို့ လင်္ကာ ကဗျာရေးသားမှု ထူးချွန်သူများအနက် မန်လည်ဆရာတော်သည် ထင်ရှားလှပါသည်။ ဆရာတော် ရေးသားသီကုံးခဲ့သည့် "မဟာသုတကာရီ မဃဒေဝလင်္ကာသစ်" သည် လောကီ လောကုတ္တရာ နှစ်ဖြာသော ဗဟုသုတတို့ကို ပေးစွမ်းနိုင်သဖြင့် မြန်မာစာပေနယ်ပယ်တွင် ထင်ရှားကျော်ကြားရ၍ မှီငြမ်းပြု ကိုးကားရသော ကျမ်းစာတစောင်အဖြစ် ယနေ့ထက်တိုင် ရပ်တည်လျက် ရှိပါသည်။

၂။ မန်လည်ဆရာတော်ဘုရားကြီး ရေးသားစီရင်ခဲ့သည့် များမြောင်သော ကဗျာ လင်္ကာ စာပေကျမ်းဂန်များသည် ပြည်သူအများ၏ လောကီလောကုတ္တရာ အကျိုးစီးပွားကို ပေးနိုင်စွမ်းရှိပါသည်။ ဆရာတော်ဘုရား ပျံလွန်တော်မူခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ်နှင့် ပြည်တွင်းသောင်းကျန်းမှု ဘေးဒဏ်တို့ကို ခံစားခဲ့ရသော မန်လည်မြို့သည် ဆရာတော်၏ ပေစာမူများကို အခက်အခဲများအကြားကပင် ကြိုးစား၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ မလွဲမရှောင်သာသည့် ဖြစ်ရပ်မျိုးများကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ ယင်းစာပေများကို ယခင် ပုံနှိပ်ထုတ်ဝေခြင်း ရှိခဲ့ကြောင်း တွေ့ရသော်လည်း မူရင်းပေစာနှင့် ကွဲလွဲခြင်း၊ ဆရာတော်၏ နေရင်းဒေသကို လမ်းညွှန်မှုသည်ပင် မှားယွင်းစွာ ဖော်ပြထားခြင်း စသည်တို့ကို တွေ့ရပါသည်။ တခါတရံတွင် အပြည့်မစုံ ပုံနှိပ်ထုတ်ဝေထားသော ဆရာတော်၏ စာပေတပိုင်းတစမှုကို ဖတ်ရှု၍ ဝေဖန်ရေးသားခြင်းကိုပင် တွေ့ရှိရရာ ဆရာတော်၏ ဂုဏ်သိက္ခာကို ထိပါးလာဖွယ်ရာ ရှိပါသည်။

၃။ ယင်းကဲ့သို့သော အခြေအနေများကို သုံးသပ်၍ တတိယမန်လည်ဆရာတော်နှင့် အင်းတော်မြို့မ ဆရာတော်တို့ အမှူးပြုသည့် ဆရာတော်များ လူပုဂ္ဂိုလ်များ ပါဝင်သော "မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့" ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့သည် ပထမမန်လည်ဆရာတော်ဘုရားကြီး၏ စာပေများကို မူရင်းပေစာများနှင့် တိုက်ဆိုင်စိစစ်၍ အခါအားလျော်စွာ ပြန်လည် ပုံနှိပ်ထုတ်ဝေသွားရန် ရည်ရွယ်ပါသည်။ ပွဲဦးထွက်အနေနှင့် "မဟာသုတကာရီမဃဒေဝလင်္ကာသစ်" နောက်ဆုံးစာမူကို ရိုက်နှိပ်ထုတ်ဝေရန် ဆုံးဖြတ်ထားပါသည်။

မန်လည်စာပေ စောင့်ရှောက်ရေး အဖွဲ့ဝင်များမှာ -

နာယကများ

(၁)	ဦးနန္ဒဝံသ	(အဂ္ဂမဟာပဏ္ဍိတ) အင်းတော်မြို့မကျောင်း ဆရာတော်
(၂)	ဦးယုဂန္ဓရ	စတုတ္ထမန်လည်ဆရာတော်
(၃)	ဦးကုမ္ဘ	အင်းတော်စက်ကုန်းကျောင်း ဆရာတော်
(၄)	ဦးစိန်လွင်	အငြိမ်းစား (မြို့ပိုင်)
(၅)	ဦးလှဝေ	အငြိမ်းစား (လျှပ်စစ်)

အမှုဆောင်အဖွဲ့

၁။	ဦးဘဌေး	ဘောင်ချမ်းသာရပ်ကွက်	ဥက္ကဋ္ဌ
၂။	ဦးဣန္ဒာသိရိ	အင်းတော်မြို့ကျောင်း	ဒုဥက္ကဋ္ဌ (၁)
၃။	ဦးဓမ္မိက	ဝါဆိုဦးကျောင်း (ရန်ကုန်)	ဒုဥက္ကဋ္ဌ (၂)
၄။	ဦးဘသိန်း	ဘောင်ချမ်းသာရပ်ကွက်	အဖွဲ့ဝင်
၅။	ဦးရှိန်	နန်းခင်ရွာ	။
၆။	ဦးကျော်ထွား	ဘောင်ချမ်းသာရပ်ကွက်	။
၇။	ဦးစက်မေ	မန်လည်မြောက်ရပ်	။

၈။	ဦးဘင်ဦး	မန်လည်မြောက်ရပ်	။
၉။	ဦးကျော်ဦး	မန်လည်တောင်ရပ်	။
၁၀။	ဦးသန်းဖေ	မန်လည်တောင်ရပ်	။
၁၁။	ဦးကျော်မအေး	ဝါးဖြူတောင်ရွာ	။
၁၂။	ဦးတိုးအောင်	အောင်ချမ်းသာရပ်ကွက်	။
၁၃။	ဦးအောင်မြင့်	အောင်မင်္ဂလာရပ်ကွက်	။
၁၄။	ဦးထွန်းစိန်	အောင်မေတ္တာရပ်ကွက်	။
၁၅။	ဦးကိုမင်း	အောင်မေတ္တာရပ်ကွက်	။
၁၆။	ဦးပိန်ရှု	အင်းတော်မြို့မကျောင်း	တွဲဖက်အတွင်းရေးမှူး (၁)
၁၇။	ဦးစံရွှင်	အောင်မေတ္တာရပ်ကွက်	တွဲဖက်အတွင်းရေးမှူး (၂)
၁၈။	ဦးသန်းထွန်း	အောင်မေတ္တာရပ်ကွက်	အတွင်းရေးမှူး

မဃဒေဝလင်္ကာသစ် ပုံနှိပ်ခြင်းသမိုင်း

၄။ မန်လည်ဆရာတော်ဘုရားကြီး ရေးသားသီကုံးခဲ့သည့် "မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်" ပထမစာမူကို ၁၂၆၉–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မန္တလေးမြို့ ဆိုင်းတန်းလမ်း ရတနာဒီပံ စာပုံနှိပ်တိုက်က ပထမဆုံး ရိုက်နှိပ်ခြင်း ဖြစ်ပြီး အဖွင့်ကျမ်းဖြစ်သော "လီနတ္ထဒီပနီ" ပါ ပူးတွဲပါဝင်ပါသည်။ စာမျက်နှာ (၃၀၄) မျှ ပါရှိပြီး အခန်းပေါင်း (၆) ခန်း၊ အပိုဒ်ပေါင်း (၃၂၂) ပိုဒ် ခွဲခြား ရေးသားထားပါသည်။

၅။ ပထမစာမူကို ဆရာတော်ကြီး ဆယ်ဝါရစဉ်အခါက ရေးသားခြင်း ဖြစ်သဖြင့် ပိုမိုပြည့်စုံကောင်းမွန်အောင် အားထုတ်၍ ဆက်လက်ရေးသားခဲ့ပါသည်။ ဒုတိယစာမူကို ရန်ကုန်မြို့ ၂၅ လမ်း စာဆိုတန်း တိုက်နံပါတ် ၁၇–၁၈၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ် ပုံနှိပ်တိုက်က ၁၂၇၆–ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း တွေ့ရပါသည်။ "လီနတ္ထဒီပနီ" ကို ပူးတွဲပုံနှိပ်ခြင်း မရှိသော်လည်း စာစီပြီးနောက်မှ ရရှိသော ပြင်ဆင်ချက်များကို စာအုပ်၏ ရှေ့ပိုင်းတွင် "ထပ်မံပြင်ဆင်ချက်" ဟူသော ဇယားဖြင့် ထည့်သွင်းဖော်ပြသဖြင့် စာမျက်နှာ (၄၈၆) မျှ ရှိပါသည်။ အခန်းမှာ (၆) ခန်း ဖြစ်၍ အပိုဒ်ပေါင်း (၆၂၄) ပိုဒ်အထိ ပါဝင်လာပါသည်။

၆။ ပိဋကတ္တကောဝိဒ ဘာသာသင်္ဂြိုရဆရာ ကမ္ဘာ့ပါဠိဂုရုဖြစ်တော်မူသော မဟာရဓလောပအကျော် ပထမ မန်လည်ဆရာတော်ဟု ကျော်ကြားခဲ့သည့် ဆရာတော်ဘုရားကြီးသည် ရေးသားစီကုံးပြီးသော စာမူကို အားရတင်းတိမ်တော် မမူဘဲ ပိုမိုကောင်းမွန်အောင် ပြင်ဆင်လိုသောဆန္ဒ ရှိပါသည်။ ဖြည့်စွက်ပြင်ဆင် နိုင်သော အခွင့်လည်း ရှိတော်မူပါသည်။ အထူးကြည်ညိုနှစ်သက်ရင်းစွဲ ရှိသော မဃဒေဝဇာတ်တော်ကို ဖွဲ့ဆိုထားသော မဃဒေဝလင်္ကာသစ်ကို ထပ်မံစီစစ်၍ ၁၂၈၁–ခုနှစ်တွင် ပြင်ဆင်ဖြည့်စွက်ခဲ့ပြန်ပါသည်။ ယင်းဒုတိယစာမူကို မန္တလေးမြို့ ဘုရားကြီးအနောက်မုခ် ရွှေရေးဆောင်တိုက် တိုက်အုပ်ဆရာတော် ဦးစန္ဒိမာ ကြီးကြပ်၍ ပေထက်အက္ခရာတင်ခဲ့ရာ ၁၂၈၁–ခု၊ နတ်တော်လဆန်း (၁၃) ရက်နေ့ (၃) နာရီအချိန်တွင် ပြီးစီးပါသည်။ ပေစာအားဖြင့် ၂၆–အင်္ဂါရှိခဲ့ပါသည်။ ဒုတိယ စာမူနှင့် တိုက်ဆိုင်စစ်ဆေးရာ နုတ်ပယ်ချက် (၈) ခု ပြင်ဆင်ရေးသားချက် (၅၅) ခုနှင့် ဖြည့်စွက်ချက် (၉၇) ခု ရှိ၍ စုစုပေါင်း (၁၅၆၀) ရှိပါသည်။ အခန်းကြီး (၆) ခန်း၊ အခန်းငယ် (၅၀) နှင့် စာပိုဒ်ပေါင်း (၆၂၅) ပိုဒ် ပါဝင်ပါသည်။

၇။ ယခုတင်ပြသော ဒုတိယစာမူသည် ဆရာတော်ဘုရားကြီး ပျံလွန်တော် မမူမီ နောက်ဆုံးအချိန်အထိ ပြင်ဆင်ရေးသားခဲ့သော စာမူ ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးသာ ပျံလွန်တော်မမူသေးလျှင် နောက်ထပ် မဃဒေဝလင်္ကာ စာမူသစ် တစ်စောင် ထပ်မံပေါ်လာနိုင်သည်ဟု ဒုတိယမန်လည်ဆရာတော်၏ မိန့်ကြားချက် ကိုပင် ကြားနာခဲ့ရဘူးပါသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ကိုယ်တိုင် ပြင်ဆင်ရေးသားစီကုံးခဲ့သော နောက်အကျဆုံး စာမူ အပြည့်အစုံကို ပြည်သူလူထု သို့ အရောက်ပြန့်ပွား၍ ဖတ်ရှုစေလိုသည့် ဆရာတော်၏ ဆန္ဒကို ဖြည့်ဆည်းခြင်းအား ဖြင့် ကျေးဇူးဆပ်ရန်နှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့က ကြိုးပမ်းထမ်းဆောင်ခြင်းသာ ဖြစ်ပါသည်။

မန်လည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

၈။ မန်လည်ဆရာတော်ဟု ယင်းပေါ်ကျော်ကြားသည့် "မောင်မာ" ကို သက္ကရာဇ်

၁၂၀၃-ခုနှစ် တန်ခူးလဆန်း (၁၂) ရက် အင်္ဂါနေ့ညဉ့် (၃) ချက်တီးကျော် ဝိသာခါ နက္ခတ် မွန်းတည့်ချိန်တွင် မြန်မာပြည်အထက်ပိုင်း သုနာပရန္တတိုင်း မန်လည်မြို့၌ အဖ မြို့စာရေးကြီး ဦးတောင်ညိုနှင့် ဇနီး ဒေါ်မြေတို့မှ ဖွားမြင်ခဲ့ပါသည်။ ရုပ်လက္ခဏာ မောက်မာသန်စွမ်း ဘောဂျမ်းမရှိ ဖွားမြင်ခြင်းကြောင့် "မောင်မာ" ဟူသော အမွှည့်အမည်ကို ပေးခဲ့ခြင်း ဖြစ်ပါသည်။ ၃-နှစ်သားအရွယ်တွင် ဖခင် ကွယ်လွန်ပြီး ၁၂-နှစ်သားအရွယ်၌ ဝန်းသိုမြို့ တောင်ပေါ်ကျောင်းဆရာတော် ဦးပန်းသော (ဝန်းသိုစော်ဘွားကြီး၏ နောင်တော်) ထံ သွားရောက် စာပေသင်ကြားခဲ့ပါသည်။ ပညာပါရမီ ရင့်သန်သူ ဖြစ်ခြင်းကြောင့် မကြာမြင့်မီကာလ ၁၆-နှစ်သားအရွယ်မှာပင် မြန်မာစာကို သင်ထုံးသင်နည်း နိသျည်းနှင့် ပုဒ်ချည်း မကျန် တာရန်ပါကျ မြန်မာသဒ္ဒါ ကဗျာသတ်ပုံ အလုံးစုံသော လင်္ကာတို့ကို တတ်ကျွမ်းတော်မူပါသည်။ မွေးချိုး လေးချိုး တေးထပ် ကဗျာ စသည်များနှင့် ဆောင်ပါပြုဓာတ်၊ ပဒုမပြုဓာတ်ဟုကိုပင် ရေးသားသီကုံးနိုင်ခဲ့ပါသည်။

၉။ မွေးမိခင် ဒေါ်မြေ ကွယ်လွန်သည့်နှစ် အသက် (၁၆) နှစ်သားအရွယ်မှာ သာသနာ့ဘောင်ပဗ္ဗဇ္ဇ မင်္ဂလာ ခံယူခဲ့ရာ မြန်လျင်သောဉာဏ် ပဋိဘာန်ကြောင့် အင်္ဂါနဲ့ အရှင်းစနှ "သျှင်ဇဝန" ဟု ဘွဲ့မည်ရခဲ့ပါသည်။ သာမဏေဘဝနှင့် လိင်ဒဏ် သေခိယ ဓမ္မကတို့ကို နှုတ်အာဂုံ ပြည့်စုံပြီးနောက် မွေးဖွားရင်းဖြစ်သော မန်လည်မြို့မ ရှိ ပြာသာဒ်ကျောင်းကြီး ဆရာတော် (အသျှင်နန္ဒမဠ) ထံသို့ ပြန်လည်၍ စာပေဆက်လက် သင်ကြားခဲ့ရာ ပါဠိဘာသာ သဒ္ဒါသင်္ဂြိုဟ် ဆိုဆိုဒ်သမျှ ဂန္ထန္တရ အဆုဆုတို့ကို ကျွမ်းကျင်စွာ တတ်မြောက်တော်မူပါသည်။ ဆရာတော် အသျှင်နန္ဒမဠသည် ကောရေလောဝအကျော် တောင်တွင်းကြီး ဆရာတော် ခင်ကြီးဖျော်မှ နောက် ၃-ဆက်မြောက် ဆရာတော်ဖြစ်ရကား မန်လည်ဆရာတော်အား သီးခြားထင်ရှား ဆောင် သင်ကြားပြသနိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ကျော်တပါး ဖြစ်ပါသည်။

၁၀။ ဗုဒ္ဓဘာသာ သာသနာတော်၏ အကျိုးစီးပွားကို ထိရောက်စွာ ထမ်းဆောင်သယ်ပိုးလိုသော "သျှင်ဇဝန" သည် ၁၂၅၅–ခု တပေါင်းလပြည့်ကျော် (၅) ရက်နေ့တွင် မဲဇာမြစ် နဒီသိမ်၌ ဥပသမ္ပဒကံအားဖြင့် ရဟန်းခံတော်မူရာ "အသျှင်ဇဝန" ဟူသော ဘွဲ့အမည်ကိုပင် ထပ်ဆင့် ရရှိခဲ့ပါသည်။ ဥပဇ္ဈာယ်ဆရာကား အနောက်ဘက် ငဆောင်းပင်ရွာမှ ဝါတော် ၆၀ ရှိ "အသျှင်ဂုဏဝါ" မထေရ်မြတ် ဖြစ်ပါသည်။ ရဟန်းခံခြင်းနှင့် ပတ်သက်၍ ဆရာတော်ကိုယ်တိုင်ပင် —

> "ပဉ္စာဝီဒုနးလို့၊ ခုနရေးတဲ့ဓါပဟာ၊ လူ့ရှေးကွဲ့ကောဇာပယ်၊ မပြာစရာ
> အခြား၊ မှတ်လေတော့ မိန့်ရာသီဝယ်၊ ကျော်တိထိုငါးရက်နေ့ပြား။ ။
> မဲဇာမြစ်နဒီသိမ်ကျွင်း၊ ကောင်းမြတ်ရှိနိမ်ဆယ်ပါး၊ ဉာဏ်ရည်ရှိန်တည်သားလို့၊
> ဘုရားရှင့်သားတော်ကောင်း" ---

စသည်ဖြင့် ဖွဲ့ဆိုတော်မူခဲ့ခြင်းအရ ထင်ရှားသိသာလှပါသည်။

၁၁။ မန်လည်ဆရာတော်သည် ၃–ဝါအရ သက္ကရာဇ် ၁၂၅၈–ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်၌ ဝါဆိုတော်မူ၍ ပိဋကတ်စာပေကို ပွားများလေ့လာခဲ့ပါသည်။ နောက်တနှစ်အကြာတွင် မင်းတင်မင်းလှသမန္တရာဇာဘွဲ့ခံ မန်လည်မြို့ဝန်၏ လျှောက်ထားချက်အရ မန်လည်မြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ပါသည်။ ပြန်လည်ရောက်ရှိပြီးနောက် ငယ်ရွယ်စဉ် စာပေသင်ကြားလေ့လာစဉ်က အထူးကြည်ညိုခဲ့ဘူးသည့် နေမိဇာတ်တော်လာ မဃဒေဝမင်း အတ္ထုပ္ပတ္တိကို ဝိတ္ထာရတော်၍ မြန်မာစကားသံဖြင့် လင်္ကာသွား ပြေပြောင်အောင် စီကုံးရေးသားတော်မူပါသည်။

၁၂။ ထိုစဉ်ကာလတွင် မြစ်စဉ်ခရိုင်ဝန်သည် နယ်လှည့်လာခိုက် ကြုံကြိုက်၍ မေးမြန်းလျှောက်ထားသော ဘာသာသာသနာရေးပုစ္ဆာများကို လွယ်ကူစွာ ဖြေဆိုနိုင်ရုံမျှမက ဓာတုကထာကျမ်း၏ အရေးကောက်အမေးများဖြင့် ပြန်လည်မေးမြန်းတော်မူရာ မြစ်စဉ်ခရိုင်ဝန်က မဖြေဆိုနိုင်သဖြင့် ဝန်ချတောင်းပန်၍ ပူဇော်ကန်တော့သည်ကို ခံယူခဲ့ရပါသည်။ ထိုအချိန်မှစ၍ ဆရာတော်၏ ဂုဏ်သတင်းသည် အဖြည်းဖြည်းဖြင့် မန္တလေးနေပြည်တော်သို့အရောက် ထွန်းပေါက်တော်မူခဲ့ပါသည်။

၁၃။ သာသနာ့အာဇာနည် ရဟန်းယောဂီကြီး ဖြစ်သော ဆရာတော်ဘုရားကြီးသည် သာသနာရေးကိစ္စ လုပ်ငန်းတာဝန်အဝဝကြောင့် အပြီးမသတ်နိုင်ခဲ့သော ဗေဒေဝလင်္ကာသစ်ကို ၁၂၆၆-ခုနှစ်တွင်မှ ဆက်လက်ရေးသားတော်မူရာ တော်သလင်းလပြည့်ကျော် (၁၄) ရက် သောကြာနေ့ည (၈) နာရီအချိန်တွင် အောင်မြင်ပြီးဆုံးခဲ့ပါသည်။ စာပေကျမ်းဂန်များ ရေးသားပြုစုရုံမျှမက ဆက်လက်လေ့လာအားထုတ်ခဲ့ရာ မန်လည်ဆရာတော်သည် ဘင်္ဂါလီ နာဂရီ သီဟိုဠ်ဘာသာ စသော ဘာသာန္တရကျမ်းများကိုလည်းကောင်း၊ ဇာတ်နိပါတ်ရာဇဝင် ဗေဒင်ကျမ်း ဆေးကျမ်း ဓာတ်ကျမ်း နက္ခတ်ကျမ်း အဂ္ဂိရတ်ကျမ်းများနှင့် တကွ တတ်သင့် တတ်ထိုက်သော ပညာဗဟုသုတ သိပ္ပါယတနများကို လည်းကောင်း တဘက်ကမ်းခပ်အောင် တတ်မြောက်တော်မူပါသည်။

၁၄။ ဆရာတော်ဘုရားကြီးသည် စာပေကျမ်းဂန်ရေးသားမှု၌သာ မောင့်ရဲ နေတော်မူသည် မဟုတ်ဘဲ နိုင်ငံတော်အတွင်း လှည့်လည်၍ သာသနာပြုရန် ကြွရောက်တော်မူခဲ့ပါသည်။ ၁၂၆၈-ခုနှစ်တွင် မိုးကုတ်မြို့သို့ လည်းကောင်း၊ ၁၂၆၉-ခုနှစ်တွင် ပျွလေး စစ်ကိုင်းမြို့များသို့ လည်းကောင်း၊ ၁၂၇၆-ခုနှစ်၌ မဟာရာဇာ စော်ဘွားကြီး၏ ပင့်လျှောက်ချက်အရ သီပေါမြို့သို့ လည်းကောင်း ကြွရောက်တော်မူခဲ့ပါသည်။ ထီးချိုင့် ကသာ ရွှေကူ ဗန်းမော်မြို့များကို အကြိမ်ကြိမ် သွားရောက်ခဲ့ပြီး ကောလင်း ဝန်းသို မိုးညှင်း မိုးကောင်း မြစ်ကြီးနားမြို့များသို့လည်း ကြွရောက်သာသနာပြုခဲ့ပါသည်။ ၁၂၈၀-ခုနှစ် ပြာသိုလမှစ၍ လှည့်လည်ပြန်ရာ စစ်ကိုင်း ပခုက္ကူ ပြည် ဟင်္သာတ မင်းလှ ပုသိမ် ရန်ကုန် သထုံ မော်လမြိုင် စသော မြို့များသို့လည်းကောင်း၊ အပြန်ခရီးတွင် ပဲခူး ဖြူး တောင်ငူ ပျဉ်းမနား စသောမြို့များသို့လည်းကောင်း၊ ရောက်ရှိ၍ သာသနာပြုခဲ့ပါသည်။ ဆရာတော်၏ ဘုန်းကံပါရမီအလျောက် ဖြစ်လာရသော ထူးခြားချက်မှာ ၁၂၇၉-ခုနှစ်တွင် အိန္ဒိယပြည် လပ်ကနောင်းမြို့ရှိ ပြည်နယ်ပြတိုက်မှ ပြတိုက်မှူးနှင့် အတွင်းရေးမှူးဖြစ်သူ ဒေါက်တာ အေ ဖြူရာ (Dr. A. Fuhrer, Ph.D) ထံမှ တဆင့် ကပိလဝတ်ပြည်

ဆထူပစေတီတော်ကြီးအတွင်းမှ "ဗုဒ္ဓဝံသ" ဟု အဓိပ္ပါယ်ရသည့် နာဂရီစာဖြင့် ရေးသားထားသော ဗုဒ္ဓအံတော်အစစ်ကို လက်ခံရရှိခဲ့ပါသည်။ အံတော်ကို မန်လည်မြို့ပြာသာဒ်ကျောင်းအတွင်း ၁၂၅၄–ခုနှစ်က တည်ထားခဲ့သော ဉာဏ်တော် (၇၈) တောင်ရှိ ဘာဝဂီသာ မဟာအဘယ ရွှေဘုန်းနိစေတီတော် အနောက်မုခ်တွင် ၁၂၈၀–မှ ပြာသိုလတွင် ဌာပနာတော်မူခဲ့ပါသည်။ အင်္ဂလန်ပြည်ရှင် ပဉ္စမမြောက် ဂျော့ဘုရင်လက်ထက်တွင် အိန္ဒိယဘုရင်ခံချုပ် ချမ်းစဖို့ (Montagu Chelmford)က ကြည်ညိုလေးမြတ်တော်မူသဖြင့် ၁၂၇၉–မှ (၁၉၁၇) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်း ခံယူခဲ့ရပါသည်။

၁၅။ မန်လည်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၂၈၂–ခု တော်သလင်း လဆန်း (၁၃) ရက်နေ့ နံနက် ၁ နာရီ ၃၀ မိနစ်အချိန် သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၆) ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ လယ်တီဆရာတော်ဘုရား၏ တောင်းပန်လျှောက်ထားချက်အရ **ဆန်းသံစိပ်နှင့် အလင်္ကာသံစိပ်** ကျမ်းများကို ရေးသားနေဆဲအခါတွင် ပျံလွန်တော်မူခြင်း ဖြစ်ပါသည်။ ထိုအချိန်အထိ ရေးသားပြီးစီးခဲ့သော စာတမ်းများကား ကျမ်းစာပေါင်း (၆၀) ဘုရားရှိခိုး (၁၁) မျိုး မောင်းသီချင်းနှင့် အံတော်သီချင်း ဒွေးချိုး လေးချိုး တေးထပ် လင်္ကာ ရတု မြောက်မြားစွာနှင့် သံချိုများ ဘုန်းကြီးပြန် ဒိုးချင်းများ စသည်ဖြင့် အများအပြား တွေ့ရှိရပါသည်။

မန်လည်ဆရာတော်ဘုရား၏ မပုပ်မသိုး ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို အုတ်ပြာသာဒ် ဆောက်လုပ်ထည့်သွင်း၍ ပူဇော်ကိုးကွယ်ခဲ့ကြပါသည်။ ပထမဆောက်လုပ်လှူဒါန်းသော နားခါရွာ ဦးမောင်နှင့် ဦးကြီးညိုတို့ အမှူးပြုသည့် ပြာသာဒ်တော်ကြီးသည် ၁၃၀၈–ခုနှစ် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ ပါဝင်၍ အသစ်ဆောက်လုပ်လှူဒါန်းခဲ့ရာ ၁၃၃၆–ခုနှစ် တပို့တွဲလပြည့်နေ့၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အသျှင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကိုယ်တိုင် အမှူးပြု၍ ရေစက်သွန်းချ လှူဒါန်းပူဇော်နိုင်ခဲ့ကြပါသည်။ မန်လည်မြို့သည် ယခုအချိန်တွင် စစ်ကိုင်းတိုင်း ခင်းဦး

မြို့နယ်အတွင်း ပါဝင်လျက် မန္တလေး မြစ်ကြီးနား မီးရထားလမ်း မဲဇာဘူတာအလွန်ရှိ ဆည်ရွာဘူတာမှ အနောက်သို့ ခရီး (၂) မိုင်ခန့် ကွာဝေးသော မဲဇာမြစ်ကမ်းပါးတွင် စည်ကားသိုက်မြိုက်စွာ တည်ရှိပါသည်။ ပထမမန်လည်ဆရာတော်နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာ အဝဝကို လက်ရှိ ဒုတိယမန်လည်ဆရာတော် အမှူးပြုသည့် အဖွဲ့က ဆက်လက် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။

မဃဒေဝလင်္ကာသစ်နှင့် မန်လည်ဆရာတော်

၁၇။ မန်လည်ဆရာတော်သည် ပါရမီတော်မံ ရင့်သန်သည့် ပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ ရဟန်းဘဝထက် သာလွန်၍ ဘုရားအဖြစ်သို့တိုင် ရည်မှန်းဆုပန်ထားသူ ဖြစ်ကြောင်းကို လင်္ကာသစ်၏ နိဂုံးဆော်းအပိုဒ် (၆၀၆) တွင် -

> “သုံးလောကတိုထိး၊ သုံးခေတ်တိုင်းကို၊ ကွပ်သိုင်းသိမ်းမြို့၊ သုံးဘုံစိုးလစ်၊
> ဓမ္မရာဇ်ဟု၊ ဖြစ်စိမ့်မယွင်း၊ နှလုံးသွင်းလျက်၊ ရိုးရင်းပတ္ထနာ၊ ငါပန်ထွာ၏”-

ဟု စပ်ဆိုခဲ့ခြင်းကို ကြည့်က ထင်ရှားပါသည်၊ ဘုရားအဖြစ် မရရှိသေးမီကာလတွင်လည်း ရဟန်းဘဝချည်းသာ အထပ်ထပ်ရလိုကြောင်းကို မြန်မာနိုင်ငံသမိုင်း ပုဂံခေတ်မင်းများအနက်မှ သမုဒ္ဒရာဇ်မင်း ပြုစောထီးမင်းနှင့် စလေမင်းတို့သည် မင်းဘဝသို့ ၃–ကြိမ်စီမျှ ပြန်ကာရကြသည်ကို နမူနာတင်၍ ဆုပန်ထားပြန်သေးကြောင်း ယင်းအပိုဒ်တွင်ပင် -

> “သမ္မာဉာဏ်ယှဉ်၊ မမြင့်ခင်လည်း၊ ရာဝင်စည်ကား၊ ငါးကျိပ်ငါးတွင်၊
> ရွေးများမည်ထုတ်၊ ရန်ဖြစ်ဝုတ်သည့်၊ သမုဒ္ဒရာဇ်၊ ဓောစစ်မဟာ၊
> နော်ရထာနှင့်၊ ကျန်စွာမင်းကြီး၊ ပြုစောထီးက၊ နန်းထီးတည်ထောင်၊
> သေန္တလည်ကြောင်း၊ ကျန်ခစ်သား၊ ပိုင်းခြားတာတွေ၊ စလေကုလားကျ၊
> သီဟပတေ့၊ ဘုန်းတော့ရန်ငူး၊ မင်းသုံးဦးစီ၊ ထူး၍မင်းရှည်း၊ တယောက်
> တည်းလျက်၊ ကျော်သည်းနာမံ၊ ပြည်ပုဂံယ်၊ နန်းစံမင်းစစ်၊ ပြန်ကာဖြစ်သို့၊
> မြတ်ခေတ်ငါးထောင်၊ သာနာရောင်လျှင်၊ ထွန်းပြောင်သမျှ၊ လူ့ဘဝနှင့်၊
> သမဏချည်း၊ သူတော့်နည်းကို၊ ။ ငါလည်း ဖြည့်လိုဘန်လဲးတည်း”—

ဟု တွေ့ရပြန်ပါသည်။

၁၈။ သာသနာတော်၏ အကျိုးစီးပွါး တိုးတက်စေလိုသော ဆရာတော်၏ မှုမှန်းစိတ်ဓာတ်ကို မဃဒေဝဇာတ်တော်က ပို၍ပြင်းထန်အောင် လှုံ့ဆော် တိုက်တွန်း ခဲ့ပါသည်။ သယံဇာတ ပေါကြွယ်ဝ၍ ကြီးကျယ်ခမ်းနားလှသော ဝိဒေဟပြည် ကြီး၏ ဒုတိယထီးနန်းဆက်ကို စတင်စိုးစံခဲ့သည့် မဃဒေဝမင်းသည် ဗိုလ်ခြေ (၅၀၀) စွမ်းအား ဆောင်နိုင်သူ ဖြစ်ပါသည်။ နိုင်ငံတော်၏ ဂုဏ်အင်အားများလည်း–

"မေါ်ဘိဇော်စံ၊ တာဆယ့်မှုတ်ကို၊ လက်ပစ်ရမှိုင်၊ မတောက်နိုင်အောင်၊
ကြို့ဒိုင်မကက်ကျိုတ်၊ သောင်းလုံးယိုက်လျှက်" --

အပိုဒ် (၃၃) ၌ဖော်ပြသို့ ပြည်ထောင်ချင်းချင်း မင်းအပေါင်းတို့၏ ခန့်ညားမှုကို ရရှိခဲ့ပါသည်။ အနွယ်တော်ကို စစ်လျှင်လည်း မဟာသမ္မတမင်းမှစ၍ ရေတွက်သော် ၈၄၃၃၈–ဦးမြောက် ဖြစ်၍ အသင်္ချိနှင့် စဉ်ဆက်မပျက် မင်းမျိုးဆက်ဖြင့် ဆင်းသက် လာသည့် မင်းတပါးဖြစ်ပါသည်။ သို့စဉ်လျှက် လောကီကို ငြီးငွေ့သဖြင့် ထီးနန်း စည်းစိမ်ကို စွန့်ပယ်၍ တောထွက်ကာ ရဟန်းပြုတော်မူခဲ့ပါသည်။ ယင်းမင်းဆက် ၏ နောက်ဆုံးမင်းဖြစ်သော နေမိမင်းကြီးတိုင်အောင် ရှစ်သောင်းလေးထောင် ကုန်သော မင်းတို့သည် ထိုနည်းနှင်နှင် တောထွက်ပြီး ရဟန်းပြုကြသည်ချည်း ဖြစ်၏။ ထိုဖြစ်ရပ်မှာ အတုယူရမည့် ရှင့်သန်သော ဆရာတော်အား ဆုကြီးပန် ဖြစ် အောင် တိုက်တွန်းခဲ့သည်ဟု ဆိုက မှားနိုင်အံ့မထင်ပါ။ ဤစိတ်ဓာတ်အရှိန်းခံ သည်ပင် **မဟာသုတကာရီမဃဒေဝလင်္ကာသစ်** ကို ရေးစပ်သီကုံးစေသော ပဓာန အကြောင်းတရား ဖြစ်ပါသည်။

သတ်ပုံပညာ နည်းနုံပါ

၁၉။ တိုးတက်သော လူမျိုးတိုင်း စာပေကို မြတ်နိုးကြပါသည်။ "စာပေ တင့်မှ လူမျိုးတင့်၍ စာပေပျောက်က လူမျိုးပျောက်သည်" ဟူသော ဆိုရိုးပင်

ရှိပါသည်။ မန်လည်ဆရာတော်သည် တိုင်းတပါး၏ ကျွန်ဘဝသို့ တဝိုင်းတစ ရောက်နေသော မိမိတို့လူမျိုးအတွက် စာပေ မတိမ်ကောစေရန် လင်္ကာရေးသား မှတ်တမ်းတင်ခဲ့ခြင်းဟုလည်း ဆိုနိုင်ပါသည်။

၂၀။ ဤနည်းအားဖြင့် မဃဒေဝလင်္ကာသစ်သည် မန်လည်ဆရာတော်၏ မြန်မာစာပေနယ်ပယ်တွင် ကျွမ်းကျင်နှံ့စပ်တော်မူခြင်းကို ပြဆိုနေပါသည်။ ပျို့ လင်္ကာတံခွန်ဒိုက် အင်းဝခေတ် စာပေများ၏ အဆင့်အတန်းကို မှီအောင် စပ်ဆိုဖွဲ့နိုင်ခဲ့ခြင်းကို အောက်ပါ ဖွဲ့ထားသတ်ပုံများအရ ထင်ရှားလှပါသည်။ အနည်းငယ်မျှ နမူနာအဖြစ် ထုတ်နုတ်တင်ပြရလျှင် -

- မဟာဝိသယ၊ တိလောကနိုက်၊ နရမရ	အပိုဒ် (၁)
- လောကီဥဒျောင်၊ ရန်မျိုးရှောင်သည်	အပိုဒ် (၂၅)
- ငါးကျိပ်ခြောက်တို့၊ မခရောက်မရှား	အပိုဒ် (၂၇)
- နတ်ပြောစီရင်၊ မြို့ကြီးယင်၌	အပိုဒ် (၂၉)
- သားတော်ဘုန်းယို၊ နတ်တာရှိသို့	အပိုဒ် (၃၁)
- လောင်းမင်းအချုပ်၊ ဘဝရှင်ဇုံ	အပိုဒ် (၉၈)

စသည်ဖြင့် တိုတိုရှင်းရှင်းနှင့် လိုရင်းကို နားလည်အောင် ဖွဲ့ဆိုသီကုံးထားသည့် အရေးအသားများ ဖြစ်ပါသည်။

ရာဇဝင်ပညာ လေ့လာစရာ

၂၁။ မန်လည်ဆရာတော်သည် မိမိကျွမ်းကျင်သော ရာဇဝင်သမိုင်းများကို မဃဒေဝ လင်္ကာသစ်တွင် ထည့်သွင်းဖော်ပြခဲ့ရာ ရာဇဝင်ကျမ်းအဖြစ် လေ့လာရသောကျမ်း ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာမင်းတို့၏ အုပ်စိုးမှု အဆက်အနွယ်ကို မဟာသမ္မတမင်းမှ စ၍ အစဉ်အတိုင်း ဖော်ပြပေးခဲ့ပါသည်။ အုပ်စိုးမှု ပုံစံတွင် သမ္မတဂိုဏ်းရော ဥက္ကဋ္ဌဂိုဏ်းပါ ပေါ်ပေါက်ခဲ့ပုံ အစုအားဖြင့် (၂၄) စု ကွဲပြားပုံကို ဂေါတမမြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားတိုင်အောင် အသေးစိတ်နီးပါး ဖော်ပြခဲ့သည်ကို အပိုဒ် (၂၆) မှ (၃၃) အထိ ရာဇဝင်ခေါင်းတွင် တွေ့ရပါသည်။ ရာဇဝင် ပထမပိုင်းတွင် မဟာသမ္မတမင်းမှ ဩက္ကာကမင်းတိုင်အောင် မင်းပေါင်း (၂၅၂၅၅၆) ပါး ရှိကြောင်းကို -

"မဟာသမ္မတ၊ မင်းကစ၍၊ ဩက္ကာကထိ၊ အယုတ်တွက်ကိန်း၊ ဂဏန်းချိန်းသော်၊ နှစ်သိန်းငါးသောင်း၊ နှစ်ထောင့်ငါးရာ၊ ငါးကျိပ်သာ၍၊
သချာနောက်ပွား၊ မင်းခြောက်ပါးတည့်" --

ဟု အပိုဒ် (၃၁) ၌ ဖော်ပြခဲ့ပါသည်။

၂၂။ မဟာရာဇဝင် ဒုတိယပိုင်းဖြစ်သော ဩက္ကာကမင်းကြီး၏ သမီးတော်ငါးပါးနှင့် သားတော်လေးပါးတို့က တဖန် အလောင်းတော် သိဒ္ဓတ္ထမင်းသားတိုင်အောင် သာကီဝင်မင်းပေါင်း (၈၂၁၀၄) ရှိပြီး စုစုပေါင်း (၃၃၄၅၆၉) ပါး ဖြစ်ကြောင်းကိုလည်း အပိုဒ် (၁၃) တွင် -

"သမိုင်းမန့်ကိန်း၊ သုံးသိန်းသုံးသောင်း၊ လေးထောင့်ငါးရာ၊ ခြောက်ကျိပ်သာ၍၊ သချာတွက်ပြီး၊ ကိုးယောက်ကျူးတွင်၊ ခေါင်ဆုံးမကိုင်၊ အထွတ်စိုက်သို့"--

ဟု ဖွဲ့ဆိုရေးသားခဲ့ပါသည်။ ဤကဲ့သို့ လေ့လာရန် ခက်ခဲလှသည့် အချက်အလက်များကို တိုင်းပြည်အစုများ မင်း၏ အမည်များပါ ဖော်ပြရေးသားထားသည်မှာ ဆရာတော်၏ ပညာစွမ်းရည် မည်မျှကြီးမားသည်ကို ထင်ရှားစွာ ပြဆိုရာ ရောက်ပါသည်။

၂၃။ တိုင်းပြည်၏ ထီးနန်းကို သားတော်အား လွှဲအပ်၍ တောထွက်ရန် ကြံတော်မူသော မဃဒေဝမင်းသည် ထီးနန်းဆက်ခံမည့် သားတော်အား ထီးမှုနန်းရာနှင့်တကွ အုပ်ချုပ်ပုံ စံနစ်များ မင်းကျင့်တရားများ လူတို့၏သဘော သဘာဝများကို ဖော်ပြ ဆုံးမသည့် ပုတ္တောဝါဒတော်မှာ များပြားလှသော ဗဟုသုတများ ပါဝင်ပါသည်။ မင်းကောင်းမင်းမြတ်များသည် တိုင်းသူပြည်သားအတွက် အသက်ကို မငဲ့ကွက်ဘဲ ကျင့်ဆောင်ခဲ့ကြသည်ကို အပိုဒ် (၁၇၅) ၌ --

"မဟာသတ္တ၊ နိဂြောဓဟု၊ မိဂသနင်း၊ သမင်မင်းလျှင်၊ ဝမ်းတွင်းတည်နေ၊ သန္ဓေတသက်၊ မိတသက်ကြောင့်၊ ကိုယ်သက်ကြည်ဖြူ၊ စွန့်တော်မူသို့၊ ပြည်သူများတွက်၊ ကိုယ့်အသက်လည်း၊ ငဲ့ကွက်မညာ၊ စွန့်အပ်စွာ၏" --

ဟု ထုတ်ဖော်သတိပေးခဲ့ပါသည်။ နိုင်ငံတော်ကို အုပ်ချုပ်ကြရသူတို့သည် တိုင်းသူပြည်သား၏ ရန်လေး ရန်မှားတို့ကို အမြစ်မကျန် သုတ်သင်ရန် တာဝန်ရှိကြောင်းကိုလည်း ၎င်းပိုဒ်၌ပင် –

> "လူဝါလူရှုပ်၊ ပြင်းဟုပ်ညဉ့်ငှက်၊ သူသွမ်းသွက်နှင့်၊ သူပျက်သူလောင်၊
> ပြည်ခြောက်ကောင်ကို၊ နေရောင်ပိုးစုန်း၊ ပျောက်လွှင့်မှုန်းသို့၊ နိုင်းနှုန်းသမွယ်၊
> ဘုန်းတော်ပယ်၍။ ။ ဘုန်းကွယ်ညိုးပျောက် စေဘိလော့" —

ဟု သွန်သင်မှာကြားခဲ့ပါသည်။

၂၄။ မန်လည်ဆရာတော်ဘုရားသည် ကျေးလက်တွင် ကြီးပြင်းလာသူ ဖြစ်သော်လည်း ထီးရေးနန်းရာ အဖြာဖြာနှင့် စီမံအုပ်ချုပ်ပုံတို့ကို ကောင်းစွာနားလည်သည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ မင်းများလိုက်နာသင့်သည့် ကုသိုလ်ကမ္မပထတရား (၁၀) ပါး မင်းကျင့်တရား (၁၀) ပါး နာယကဂုဏ် (၆) ပါး စကြာမင်းတို့ကျင့်စဉ် (၁၂) ပါး အပရိဟာနိယတရား (၇) ပါး တိုင်းပြည်စည်ပင်သာယာစေကြောင်း တရား (၄) ပါး စသည်များနှင့်တကွ အခြားသိမှတ်ဖွယ်ရာ များစွာသော ဇာတ်နိပါတ် ရာဇဝင် ပုံပြင် ပုံဝတ္ထုတို့ကို ကိုးကားလျက် ရေးသားလမ်းညွှန်ခဲ့ပါသည်။

၂၅။ မင်းများကိုသာမဟုတ်၊ ပြည်၏ ဥကျောင်း မဖောင်းစေရန် အတွက် မှူးမတ်များ ကျင့်သုံးသင့်သည့် တရားများကိုလည်း အပဏ္ဏာဝါဒလေးတွင် ရေးသားဖော်ပြခဲ့ပါသည်။ မှူးမတ်တို့သည် မင်းကိုမှီ၍ ဂုဏ်ရောင်ပြောင်ရခြင်း ဖြစ်ပြီး အားချင်းပြိုင်ယှဉ်ပါက မိမိသာ အကျိုးယုတ်ရတတ်ကြောင်း မြတ်စွာဘုရားသော်မှ မင်းတို့အား တည်မှီခြင်းပြုရကြောင်းကို –

> "သင်တို့အသင်း၊ မတ်ပေါင်းလည်း၊ မင်းမှုဂုဏ်ရောင်၊ ထွန်းလင်းပြောင်
> ၏၊ အမေါင်အမှူး၊ လွန်ကြီးမားသား၊ ဘုရားသို့တည်း၊ ပညာမှီလည်း၊
> ဉာဿရိယ၊ အမွန်းရသည့်၊ မင်းမှုမှီရာ၊ မရပါသော်၊ ထိုပညာရောင်၊
> ထွန်းမပြောင်ဘူး" —

ဟု ရာဇကြောင်း ဓမ္မကြောင်း မျှတစေရမည်ကို အပိုဒ် (၃၄၆) တွင် ဖော်ပြခဲ့ပါသည်။

၂၆။ လောကတွင် မိမိက အသာစီးရသည်အခါ၌ နိုင်ထက်စီးနင်း မပြုမိအောင် သတိရှိအပ်ကြောင်း၊ အဆင်ခြင်မဲ့ကာ ဟန်ဟုန်တက်၍ အကျိုးမရှိကြောင်း၊ မည်သည့်အရာမဆို သူ့အတိုင်းအတာအလျောက် အစွမ်းရှိကြကြောင်း၊ အသုံးဝင်ကြကြောင်းကို သတိရှိစေရန်အတွက် —

> "စူးရှာစူးလျောက်၊ ဆောက်မှာ ဆောက်တည့်၊ ချင့်ယောက်ပညာ၊
> သင့်လျော်စွာအောင်၊ အရာလျောက်ပတ်၊ ခြားစေတတ်လော့" —

ဟူ၍လည်းကောင်း၊

> "ရံခါလူတွင်၊ ဖြစ်ပြဲအင်ကား၊ ဆင်အတတ်နိုင်၊ ကြွက်တတ်နိုင်၏" –

ဟူ၍လည်းကောင်း အပိုဒ် (၃၁၈) တွင် ထောက်ညွှန်ဆုံးမခဲ့ပါသည်။

တဖန် တိုင်းသူပြည်သားတို့အပေါ် မင်းအစိုးရတို့၏ စောင့်ရှောက်မှုကို သိရှိရန်နှင့် မိမိတို့ တာဝန်စောင့်ထိန်းရန် ပြညွှန်လိုသည့်သဘောဖြင့် အပိုဒ် (၁၇၇) တွင် –

> "ယုတ်မြတ်များစွာ၊ လူတို့မှာလျှင်၊ ကမ္ဘာဦးက၊ စုတိုင်ကျူအောင်၊
> စိုးရသနင်း၊ မင်းတို့အုပ်ကာ၊ စောင့်ရှောက်ကြ၍၊ ထိုမှသီးသီး၊ သား သမီးနှင့်၊
> ငယ်ကြီးနိုင်ထက်၊ မနှိပ်စက်ဘဲ၊ ငြိမ်းသက်ချမ်းသာ၊ သက်မွေးကာလျှင်၊
> အိမ်ရာတည်ဟူ၊ နေနိုင်ကြ၏၊ ဉာဏ်နည်းသူ၊ ရှင်လူအရို၊ သူမိုက်တို့ကား၊
> ဤသို့အထူး၊ မင်းကျေးဇူးကို၊ ကြည့်ရှုမသိ၊ ပြုမှုဘိ၏" —

ဟု စီကုံးရေးသားခဲ့ပါသည်။

ကျန်းမာရေးအတွက် လမ်းညွှန်ချက်

၂၇။ မန်လည်ဆရာတော်သည် ရှယ်နုံကျော်ထင် ပညာရှင် ဖြစ်သည့်အားလျော်စွာ အသက်ရှည်စွာ အနာမဲ့ကြောင်း၊ အကျင့်ကောင်းများကိုလည်း မဃဒေဝလင်္ကာသစ်တွင် ထည့်သွင်းရေးသား လမ်းညွှန်ထားပါသည်။ ပုဏ္ဏောဝါဒကောင်း အပိုဒ် (၃၂၇) တွင် အင်အားယုတ်လျော့စေသော အကျင့် (၆) ပါး

သေတတ်သည့် အကြောင်းတရား (၈) ပါး အသက်ရှည်ကြောင်း အကြောင်းတရား (၅) ပါးတို့ကို ဖော်ပြခဲ့ပါသည်။ "အသက်ဉာဏ်ပဲမောင်" ဟူသော စကားကဲ့သို့ ကျန်းမာရန်ကောင်း ရောဂါရှင်းစေရန်အတွက် မေထုန်မှုရှောင်သင့်သော လများ ဖက်ဆွတ်အရက်ကို မသောက်သုံးသင့်သော လများ ချဉ်စပ်ငန်မှု မစားသင့်သော ကာလများ စသည်တို့ကိုလည်း အပိုဒ် (၃၂၈) တွင် ဖော်ပြရေးသားခဲ့ပါသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်ပင် ဖြစ်လင့်ကစား လောကီလူသားတို့ အကျိုးမှာ ပေါ်လာရှိသမျှ ထည့်သွင်းဖော်ပြခြင်းဖြင့် လူသတ္တဝါတို့ အကျိုးကို လမ်းညွှန်ခြင်း သည်ကား ကြီးမားသော ဆရာတော်၏ ကရုဏာတရား ဖြစ်ပါသည်။

မိန်းမမြတ်များ ချီးမွမ်းထား

၂၈။ မနုလည်ဆရာတော်သည် ၁၂-နှစ်သားအရွယ် ရှင်သာမဏေဘဝမှသည် ပျံလွန်တော်မူသည့်တိုင်အောင် သာသနာ့ဘောင်တွင်သာ ပျော်ပိုက်စွာ သီတင်းသုံးသွားခဲ့ပါသည်။ သို့ရာတွင် လောကီလူ့ဘောင်တွင် အိမ်ရာထောင်ကာ နေကြကုန်သော အမျိုးသား အမျိုးသမီးတို့ အကြောင်းကို ခရေစေ့တွင်းကျ သိရှိနားလည်တော်မူသည်သာ ဖြစ်ပါသည်။ "ဘုရားလှူဘာ၊ မုန့်နှလည်း၊ မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊ မကြားစတောင်း၊ မနာကောင်းကို၊ အကြောင်းရှည်ဝေး၊ ပေါတဲ့သေး၏" ဟူ၍သို့ မှတ်သားဘွယ် အချက်အလက်များကို တစ်တစ်စွစွ ရေးသားသီကုံးခဲ့ပါသည်။ မိန်းမတို့၏ ချွတ်ယွင်း အားနည်းချက် သဘောများကို ရေးသားရာတွင် အပိုဒ် (၃၁၂) ၌ –

> "မိန်းမအပြစ်၊ သဘောညစ်ကို၊ အနှစ်တရား၊ တစ်ထောင်လျှာဖြင့်၊
> လူ့ရွာတည်ငြား၊ ကြင်ယောကျ်ားလျှင်၊ အပါးအမူ၊ မဖြုလုံးလုံး၊ ပြောမဆုံးဟု၊
> မှတ်ထုံးထင်စွာ၊ မဟာရဟာ၊ နီတိပြ၏"–

ဟူသော စကားအထိ အချက်အလက်များစွာ ရေးသားခဲ့ပါသည်။ ယင်းအချက်များမှာ အသိများလှသဖြင့် ဆရာတော်သည် မိန်းမတို့အပေါ် အပြစ်သာမြင်သည်ဟု အထင်မှားတတ်ကြပါသည်။ ချီးမွမ်းသင့်သည့် မိန်းမမြတ်များအကြောင်းနှင့် ကောင်းမွန်သည့် မိန်းမတို့၏ အရည်အသွေးတို့ကို ဖော်ပြသည့်အရေးအသားလည်း များစွာရှိပါသည်။ ပညာရှိဟူရာ၌ မိန်းမပညာရှိများ ရှိကြောင်းကို အပိုဒ် (၃၁၄) တွင် -

> “ပညာမည်ငြား၊ ဤတရားလည်း၊ ယောကျ်ားနှိက်သာ၊ မဟူရာဘူး၊ အမရာဒေဝီ၊ ဘောရီဓမ္မ၊ ဝိန္ဓာစသည်၊ အပွကာဟူ၊ နည်းငယ်မှုကား၊ လှပယ်ထိုသို့၊ မိန်းမတို့လည်း၊ အချို့ပညာ၊ ရှိတတ်စွာ၏” -

ဟု ရေးဖွဲ့ခဲ့ပါသည်။

၂၉။ မိန်းမမြတ်များ ရှိခဲ့ပုံနှင့် မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါလက္ခဏာများကို ဖော်ပြရာ၌လည်း -

> “လင်ကိုမြင်က၊ အလျင်ထ၍၊ ယုယကိုယ်နှုတ်၊ ကျင့်မယုတ်သား၊ ပုဗ္ဗုဋ္ဌာယိနီ၊ ဦးချိုလက်ပြိုင်၊ ရှက်ကာဆိုင်၍၊ လင်ထိုင်လင်အိပ်၊ သားကိုသိပ်သို့၊ မြဲနှိပ်လက်ဆမ်း၊ စိတ်ချမ်းကြည်ဖြူ၊ ရှိသောစလျက်၊ နောက်မှယှဉ်ကာ၊ အိပ်လေ့လာသည့်၊ ပစ္ဆာနိပါတိနီ၊ ချိုအီနာဆိမ့်၊ နှစ်သိမ့်ဘွယ်ရ၊ ဘယ်အမှုကို၊ ဘယ်ပြုရို့နည်း၊ ခြည်းခြည်းနှုတ်သံ၊ ချေင်သာယာ၊ ဝါစာသိမ်မွေ့၊ ပေးလေ့ရှိထ၊ နာဘွယ်လှသား၊ ကိံကာရပဋိသာဝိနီ၊ မငြိုမသုန်၊ အမွန်မဆန်၊ ပြန်လှန်မမြွက်၊ နှစ်သက်ဘွယ်သား၊ ကျင့်တတ်စွာသည့်၊ ဤရွာထဲပါး၊ စားနေကြ၊ ဒေဝစ္ဆသို့၊ မနာပစာရိနီ၊ တိတိတာတာ၊ ကြည်သာရွှင်ပြုံး၊ နှလုံးပြယာယယ်၊ ပျားသဖွယ်ဖြင့်၊ ချစ်ဘွယ်ပြကတော့၊ သာချမ်းမြေ့အောင်၊ ပြောလေ့ယှိထ၊ နှုတ်ချိုမြသား၊ ပိယဝါဒိနီ၊ ထို့ပြီးအပ၊ ဤလောကနှိက်၊ လင်မှတပါး၊ နတ်ယောကျ်ားနှင့်၊ တွေ့ငြားစေမူ၊ စေသမျှသို့၊ အယှုမယှင်း၊ စိတ်ညွတ်ခြင်းမျှ၊ ကင်းလတ်တဲ့ဘိ၊ ကျင့်မြတ်ယှိသား၊ အနတိစာရိနီ၊ ကျမ်းညီဖွဲ့၊ သမ္ဘောဥက္ကဋ္ဌ၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်ပြိုးပုံ၊ ပြောက်အင်စုံလျက်” --

ကျမ်းစာများမှာ ထုတ်နုတ်၍ ဤအပိုဒ် (၁၄၆) တွင် ရေးသားခဲ့ပါသည်။

၃၀။ မိန်းမတို့၏ အရည်အသွေးမှာ ထိုမျှသာမကသေး၊ ယောကျ်ားမြတ်တို့၏ ပါရမီဖြည့်ဘက်ဖြစ်ပြီး အလျင်တဆော တိုင်ပင်ရန်ရှိက အဘိုးတန်သော အကြံဉာဏ် ရတတ်ကြောင်းကို –

> “တောမိရာပန်း၊ ယောကျ်ားမွန်တို့၊ ငါးတန်ပရိစ္စာဂ၊ စရိယနိုက်၊ တကွမချွတ်၊ တူကြည်ညွတ်၍၊ အမြတ်ဝသီ၊ ပါရမီကို၊ ကူလီအားသစ်၊ ဖြည့်ဘက်ဖြစ်၏” –

ဟူ၍လည်းကောင်း

> “ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာဟု၊ ပညာယိမ်များ၊ အစဉ်ကြားလျက်၊ ထင်ရှားမိန့်မှာ၊ ဥဒါန်းလာ၏”

ဟူ၍လည်းကောင်း အပိုဒ် (၃၁၅) တွင် ဖွဲ့ဆိုချီးကျူးတော်မူခဲ့ပါသည်။

ယောကျ်ားယုတ်မှာ မထောက်ညှာ

၃၁။ ဆရာတော်သည် မိန်းမယုတ် မိန်းမမြတ်များ အကြောင်းကိုသာ ရေးစပ်ခဲ့သည် မဟုတ်သေးပါ။ ယောကျ်ားယုတ်များကိုလည်း မညှာအတာ ရေးဖွဲ့ဖော်ပြခဲ့ပါသည်။ လောကဓာတ်ဝန်း၌ ဖြစ်ပျက်တတ်သည့် သဘာဝကို ဓာတ်နိပါတ်များမှ ထုတ်နုတ်၍ ဖော်ပြခဲ့သည်မှာ –

> “လူ့ရွာဌာန၊ လူ့လောကနိုက်၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိန္မာဆိုးဝါး၊ မဟုတ်ခြားဘူး” –

ဟူ၍ အစချီပြီး

"ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊ ဆောင့်စည်းမယို၊ မျိုးဣဍ္ဍိသို့၊
မသိကျေးဖူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှုးချေတတ်၊ ကျင့်ဖြတ်တည်၊ မှတ်လော့
တို့ရော်၊ ရှေးခါသော်ကား၊ ခြောက်ဘော်မင်းသား၊ တောရပ်သွားတို့၊ မယားကို
သတ်၊ စားကုန်တတ်ရှင်" -

ဟု အပိုဒ် (၃၁၃) တွင် မယားကိုပင် သတ်စားခဲ့ဘူးသော သာဓကကို ထုတ်ပြခဲ့ပါသည်။

၃၂။ ယောကျ်ားတို့၏ ညစ်ယုတ်မာသော အကျင့်စာဂကို ဖော်ထုတ်ရေးသားခြင်းကို ဆက်လက်လေ့လာလျှင် များပြားစွာရှိသော်လည်း အမြွက်မျှ ဖော်ပြရလျှင် အပိုဒ် (၃၁၃) တွင် -

"ဗြဟ္မဒတ်ကုမာ၊ ခင်းလျှာသောစ္ဆို၊ မည်ယို့ထင်ရှား၊ ထိုနှစ်ပါးလည်း၊
ကြွသွားတောခွင်၊ လုပ်ကျွေးချင်သည့်၊ ရှပ်သွင်နတ်တူ၊ သိတာဘူနှင့်၊
သမ္မုတို့အား၊ စွန့်ပယ်ထား၍၊ ယောကျ်ားတို့စိတ်၊ မြင်တိုင်းညိတ်လျက်၊
ဆိတ်၏အလား၊ နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်လျောတွေပြား၊ သူ
အခြားနှင့်၊ ပျော်ပါးမေ့ကျန်၊ ယှင်းဘောက်ပြန်၏"
ဟူ၍ ဟိရဏ္ဏာန်နှင့် ပမာနှိုင်းကာ စပ်ဆိုခဲ့ပါသည်။ ထို့နောက်တဖန် ဆက်၍ -

"ပျော်လိုသမျှ၊ ပျော်ကစ္စဖြင့်၊ ပျော်ကြပြီးခါ၊ မိကလျာအား၊
သတ်ကာမသနား၊ ဆင်ဝတ်စားကို၊ ယူပြေးကုန်လျှင်း၊ ဖိုက်ခေါင်ချင်းမဲ့"
ဟူ၍ တဖုံ

"မိန်းမတို့ထုံး၊ ငွေကုန်ရှုံးကာ၊ သက်ဆုံးမတိုင်၊ ကိုယ်ပိုင်ယောကျ်ား၊
သွေဘောက်ပြား၍၊ တရားမစောင့်၊ မဖြောင့်နှလုံး၊ လင်ကုန်ရှုံးကာ၊ သက်
ဆုံးတိုင်လစ်၊ ပြောရာဖြစ်ရှင်" -
ဟူ၍ တနည်း -

"အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမ
ယက်သာ၊ ယုတ်မာဆိုးဝါး၊ ဖိုက်လုံးထွားသည်။ ။ နွားနှင့် ကျားနှင့်
အတူတည်း" -

ဟူ၍ တမျိုး မထောက်မညာ ပြောင်မြောက်စွာ ရေးသားဖွဲ့ဆိုခဲ့သည်များကို တွေ့ရှိနိုင်ပါသည်။

စစ်ရေးပညာ စွယ်စုံပါ

၃၃။ မဃဒေဝလင်္ကာသစ်တွင် စစ်ရေးစစ်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းဖွဲ့ဆိုခဲ့ပါသည်။ စစ်သည်တဦးအား တိုက်ပွဲဝင် အတွေ့အကြုံများအပေါ် မူတည်၍ အဆင့်အတန်းမြှင့်ပေးရသည့် မြန်မာတို့ တပ်မတော်ဖွဲ့စည်းပုံ စနစ်ကို ပေါ်လွင်အောင် -

> "ခြေဆယ်ချက်မှ၊ မြင်းထက်တင်ရာ၊ မြင်းဆယ်စီးမှ၊ ဆင်မှာတင်ရ"

ဟု အပိုဒ် (၁၈၂) ၌ ရေးသားခဲ့ပါသည်။

စစ်ပြိုင်ဘက် ရန်သူတို့၏ စစ်နည်းဗျူဟာအရ သွေးဆောင်မှုများပေါ်သည်ကို အကဲခတ်ရန် လိုကြောင်းကို ညွှန်ပြရန်အတွက် အပိုဒ် (၂၀၄) ၌ -

> "စစ်ခွင့်စစ်ရေး၊ သူဆောင်သွေးတိုင်း၊ ရပ်ဝေးမြေတာ၊ မချီရာဘူး"

ဟု ဖွဲ့ဆိုထားပါသည်။

၃၄။ စစ်ပွဲတို့ဓမ္မတာတွင် မိမိတို့က အင်အားကြီးမားလှပြီဟု ရန်သူကို အထင်မသေးသင့်ကြောင်းကိုလည်း ဆရာတော် သဘောပေါက်ပြီး ဖြစ်သည့်အတွက် အပိုဒ် (၂၀၄) တွင် -

> "ဗိုလ်ထုခွန်အား၊ ငါကြီးမားဟု၊ မကိုးစားရာ၊ ရံဖန်ခါနှိုက်၊ ကြမ္မာမတော်၊
> ဓါမလျော်မူ၊ ချွတ်ချော်ရေးရာ၊ ပျက်တတ်စွာရှင်"

ဟု ညွှန်ပြခဲ့ပါသည်။ စစ်ပွဲ၏ အခြေအနေကို ဘက်စုံမသုံးသပ်ဘဲ ဓါသမာန အလျောက် အရမ်းကာရော စစ်ဆင်မိချေက မိမိသာ ဆုတ်ယုတ်ရမည်ကို -

"ခွေးရူးသမှယ်၊ တွေ့တိုင်းတွယ်လျက်၊ ကျယ်တာရှူးရှူး၊ မာန်မရူးနှင့်၊
စစ်ကျူးစစ်လွန်၊ စစ်တွင်းကျွန်က၊ မှတ္တန်ရေသား၊ တက်မကြားသို့၊ ကင်း
သွားမိတ္တ၊ များဗိုလ်လုနှင့်၊ ရန်သူတို့လက်၊ သူ့နယ်စက်နိုက်၊ ဆက်ဆက်
မယွင်း၊ ပျက်တတ်လျှင်း၏" –

ဟု စစ်ရေးရှုဒေါင့်မှ သုံးသပ်ဖွဲ့ဆိုခဲ့ပါသည်။

၃၅။ စစ်ရေးဆောင်ရွက်ရာ၌ ဗိုလ်ခြေအင်အား အနည်းအများသည် အဓိက အဟုတ်ကြောင်း နေရာယူမှု ခံစစ်အနေအထား မှန်ကန်မှုရှိလျှင် အောင်ပွဲရနိုင်ကြောင်းကို ဇာတ်နိပါတ်တော်များမှ သာဓကထုတ်နုတ်၍ အပိုဒ် (၂၀၅) ၌ ပြဆိုတော်မူသည်မှာ –

"အမနေသင့်ရွာ၊ အရာသင့်တုံ၊ နောက်ချေးပုံမျှ၊ စိုလှုံငယ်ဆုံး၊ ငှက်ဇီလုံး
လျက်၊ ကြိုးပအားကိုး၊ တောင်ဟုန်ကိုး၍၊ သုတ်ထိုးကြောက်ဘွယ်၊ သိမ်းရန်
ကျယ်ကို၊ ကာကွယ်နိုင်ရှာ၊ အရေးသာ၏" –

ဟူ၍လည်းကောင်း

"အရာမတော်သင့်၊ အစွင့်မတော်ဘိ၊ မိဓိဋ္ဌာန၊ ဝိသယန္တိက်၊ လုံ့လ အားသံ၊
အထောင်စံက၊ အရံအသောင်း၊ အောင်ခဲ တောင်း၏" –

ဟူ၍လည်းကောင်း ပီပြင်စွာ စပ်ဆိုသီကုံးခဲ့ပါသည်။

သုတကြွယ်လှ မဃဒေဝ

၃၆။ အထက်တွင် ဖော်ပြခဲ့သော အကြောင်းရပ်များအပြင် အလျဉ်းသင့်သလို ထည့်သွင်းရေးသားသော အကြောင်းရပ်များစွာ ရှိပါသေးသည်။ အင်္ဂရတ် ပညာနှင့် ပတ်သက်၍ အပိုဒ် (၁၃၃) ၌ –

"ပြဒါးမီးနေ၊ သံသေဓာတ်ပြား၊ ရသာယန၊ ဩသဓ၊ အာယုဝဍ္ဍိ၊
ဝသီကရဏ၊ စသည်လိမ်းသင်၊ စားမျိုးအပ်နှင့်၊ အာထဗ္ဗဏ၊ ဝိဇ္ဇာမယိဒ်၊
ဣဒ္ဓိဝိဓ်သို့၊ မဟိဒ္ဓိမျိုး၊ တန်ခိုးနတ်ရှိ၊ သိဒ္ဓိလိုရာ၊ ပြီးနိုင်စွာသား၊ မဟာဂန္ဓာရီ၊
လောကီဉာဏ်ပေါင်း"

သည်ဖြင့် ရေးသားခဲ့ခြင်းကို တွေ့ရပါသည်။

၃၇။ စစ်တုရင်ကစားမှုကိုလည်း ဆရာတော်သည် မြင်းချိန်မထားရေး ကစားနည်းများ ရေးဖွဲ့ခြင်းကို –

"ရထားဗျူဟာ၊ လေးဖြာခင်းကျင်း၊ စစ်ဆင်ခြင်းဖြင့်၊ မင်းရှစ်မျက်နှာ၊
စကာကွက်စီ၊ အညီမလွဲ၊ စစ်ကဲထောင့်လေး၊ ဆင်ရေးရင်း၊ ရှေ့တစ်
လှောင်းလျက်၊ မျဉ်းကြောင်းရှစ်ကွက်၊ ထောင့်တက်မြင်းသွား၊ ရထားတစ္ရှု
နယ်မှ ရှေ့တစ်၊ တဆစ်ထို့ပြင်၊ ဆင်မလျှာရေး၊ လေးဆယ့်လေးက၊
ခေါ်ရေးမယွင်း၊ မြင်းမလျှာရေး၊ ခြောက်ဆယ့်လေးသာ၊ ရထားမှာမူ၊
ဆဲ့ခြောက်ဟူသား၊ မှတ်ဟူအာဂုံ၊ လက်စွမ်းယုံတို့၊ ရှုံ့အပြင်၊ စစ်တုရင်သို့၊
မြင်း ဆင် ရထား၊ မြဲသည်များနှင့်၊ ဆင်သွား မြင်းသွား၊ ရထားနယ်တက်၊
ကပ်လျက်လီမ်ကာ၊ မှုးမွှါးသဘ့အား၊ ပြားရှုံ့မကွဲ၊ အားသွန်မဲပြီး၊
စစ်ကဲ့ပန်းရုံ၊ မင်းပါစံလည်း၊ မကြံနိုင်စွာ၊ ကြံရာမရ၊ လက်မှိုင်ချလျက်၊
တို့ကသာဓေ၊ သုကာဓေရှ၊ သာဓရစရိုး၊ မယှိုန်းတည်" –

ဟူ၍ အပိုဒ် (၁၃၄) တွင် တွေ့ရှိရပါသည်။

၃၈။ ဆရာတော်သည် ဗေဒင်ကျမ်းကိုလည်း ကျွမ်းကျင်တော်မူကြောင်းကို အပိုဒ် (၁၄၃) တွင် –

"စည်းလက်ညှို့ညို၊ တိုင်ကျိုးဆည်ပေါက်၊ တန်းဆောက်ချအိပ်၊ အနိုင်
အနာ၊ ကိုယ်အာကာဝယ်၊ ကောဇာကောဝိန်၊ ဆပ္ပိန်မြောင်း၊ နဝင်းနက္ခတ်၊
မိတ္တူ နတ်ဟူ၊ ပါဒ်ပါဒ်ခြောက်စု၊ မြွေမွေးဟုသို့၊ အာယုဂိုက်ထိ၊ ပွတိ ဘင်၊
မရဏ နှင့်၊ ကရွှာသုံးခွင်၊ ထွက်ဝင်ကြီးလာ၊ ဒသာမသန့်၊ အဟန့်မကောင်း၊
သံကောင်းစီးနှင်း၊ ပါပခြင်း၍" –

ဟူ၍ ရေးသားဖွဲ့ဆိုခြင်းက ထင်ရှားသုသာလှပါသည်။

၃၉။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်သည် ဗဟုသုတ ဟင်းလေးအိုးကြီး အစစ် ဖြစ်ပါသည်။ ပိဋကတ်ကျမ်းဂန်မှစ၍ ဆေးကျမ်း ဓာတ်ကျမ်း ဗေဒင်ကျမ်း အဂ္ဂိရတ်ကျမ်း နက္ခတ်ကျမ်းများကို လည်းကောင်း၊ ဝိဇ္ဇာ ဇော်ဂျီ တပသီတို့ အပါအဝင် အင်းအိုင်ခလှဲ့ လက်ဖွဲ့မန္တရားဆိုင်ရာ ဂန္ဓာရီပညာများကို လည်းကောင်း၊ လူမှုရေးသိပ္ပံဆိုင်ရာ ပညာရပ်များကို လည်းကောင်း၊ ထည့်သွင်းရေးသားစီကုံးခဲ့ပါသည်။ မန်လည်ဆရာတော်ဘုရားကြီး၏ ရေးသားချက် အလုံးစုံကို အကျယ်ဖွင့်ပြရန် မဆိုထားဘိ၊ အသင့်အတင့် နားလည်ရန်ပင် များစွာကြိုးစားရမည့် ဘာသာရပ်များ ဖြစ်ပါသည်။ မည်မျှပြီးပြည့်စုံပါသည်ဟု အသေးစိတ် ဖော်ပြနိုင်စွမ်းလည်း မရှိပါ။ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ပေးစွမ်းနိုင်သည့် ဗဟုသုတ ဟင်းလေးအိုးကြီးအစစ် ဖြစ်ပါသည် ဟူ၍သာ အလုံးစုံလွှမ်းခြုံ၍ မဝံ့မရဲ တင်ပြလိုပါသည်။

ဆရာတော်ညာဏ်စွမ်း၊ ကဗျာစာပေ၊

၄၀။ မဃဒေဝလင်္ကာသစ်တွင် အပိုဒ်ပေါင်း (၆၀၀) ကျော် ပါဝင်ဖွဲ့ဆိုခဲ့ရာ လင်္ကာပိုဒ်များ၏ အရှိုးအရှုကို တမျိုးတစားတည်း မထားရှိပဲ အမျိုးမျိုးပြောင်းလဲဖွဲ့ဆိုခဲ့ပါသည်။ အချို့ပိုဒ်များကို လေ့လာကြည့်ပါက ဒိုင်ညွှန့်ကော်ကြာချုနည်းမှ စ၍ မဏိဥပြည်၊ မောသာဝတီဝတ်ဆံ၊ သော်တာရောင်၊ စမ္ပယ်ရေ့မျိုး နောက်ချကိုယ်တွင်းပြည့်၊ ထူးဆန်းတွေလာ၊ နေရောင်ခြည်ပြေး၊ ပဏ္ဏဆံကျင်၊ ရွှေလောင်းပြန်၊ ရောက်ဆိတ်ပေလည်၊ နာမဓာတ် စသည်ဖြင့် ရောင်းလှတို့ နည်းယူနိုင်ကြစေရန် ရည်သန်၍ ဖော်ပြရေးသားခဲ့ပါသည်။

၄၁။ မန်လည်ဆရာတော်ဘုရားကြီးသည် ပညာဗဟုသုတ အရာ၌သာ ပြီး ကျူးကျော်နိုင်သည် မဟုတ်၊ အရေးအသားတွင်လည်း အစွမ်းထက်သဖြင့် ရွှမ်းရှားသော ပညာရှင်ကြီး ဖြစ်ပါသည်။ မြို့နန်းတည်မော်၊ မြို့ပြောင်းမော်တို့တွင် ကြက်ပျံမကျ စည်ကားလှသော အခြေအနေကို အံ့ဩဘွယ် လွမ်းမောဘွယ် ရသများ ပေါ်လွင်ထင်ရှားအောင် စပ်ဆိုခဲ့၍ ငရဲဘုံ နတ်ဘုံများဆိုင်ရာ အဆောင်း၌ စက်ဆုပ်ရွံရှာဘွယ် ကြောက်ရွံ့ထိတ်လန့်ဘွယ် ရသများ ပေါ်လွင်အောင် စပ်ဆိုခဲ့ကြောင်း တွေ့ရပါသည်။

၄၂။ လူ့လောကမှာ ချီးမြှောက်သင့်သူကို ချီးမြှောက်ရမည် မှန်သော်လည်း မချီးမြှောက်သင့်သူကို ချီးမြှောက်မိပါက မတန်မရာ အလွဲလွဲ အမှားမှား ရှိတတ်ကြောင်းကို ဖော်ပြလို၍ (၁၈၂) ပိုဒ်၌ –

> “မတန်မရာ၊ သပ္ပါကျွန်မြှောက်၊ ကျွန်ကိုမြှောက်က၊ မျောက်ကို ချွမ်ပြား၊
> ရှူဆွဲမှားသို့၊ နားမချမ်းသာ၊ ယိုတို့ရာ၏” –

ဟူ၍ တချိုး

> “ပညာနှင့်မျှ၊ ချီးမြှင့်ကလည်း။ ပ ။ စိတ်ချရခြင်း၊ မရှိလျှဉ်းဘဲ၊ မြင်း
> နောက်ပြန်စီး၊ ထီးရှေ့ကကွယ်၊ ဆိုသာစွယ်သို့” –

ဟူ၍ တဖုံ ဟာသရသ ပေါ်လွင်အောင် စပ်ဆိုတော်မူခဲ့ပါသည်။

၄၃။ အရာရာတွင် လွန်ကဲခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတရားသာ ဖြစ်ကြောင်း ညွှန်ပြရန်လည်း ထည့်သွင်းစပ်ဆိုတော်မူခဲ့သည်။ အချို့ကို ဖော်ပြရလျှင် အပိုဒ် (၁၁၀) ၌ –

> “ဒီးပုံတွင်းသို့၊ ဝင်ဆင်းဖိုးမိုက်၊ ရေသာလိုက်၍၊ ရေနိုက်မြှူးတက်၊
> ရူးမှုက်မှုက်ဖြင့်၊ မူးမက်သောင်းပြောင်း၊ ဒိုင်မြစ်ချောင်းဝယ်၊ တဖေါင်းအမျှစ်၊
> ငါးရှူးယစ်တို့၊ ကျိုးပြစ်မသိ၊ မယှိဆင်ခြင်၊ မမြင်မမြော်။ သေဆောင်ပျော်သို့”

ဟူ၍လည်းကောင်း အပိုဒ် (၃၂၅) ၌ –

> “ကျီးနက်မိုက်ခေါင်း၊ ဆင်သေကောင်ထက်၊ သောင်ကိုမလှမ်း၊ ကမ်းသို့
> အတက်၊ အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုပ်လေပါက၊ သမုဒြာရောက်
> ဆိုက်၊ လှိုင်းဝဲရိုက်၍၊ ရေနိုက်မှုန်းနစ်၊ ငါးစာဖြစ်သို့” –

ဟူ၍လည်းကောင်း ဖွဲ့နွဲ့စီကုံးခဲ့သည်ကို တွေ့ရှိရပါသည်။

၄၄။ မဃဒေဝမင်းကြီး တောထွက်တော်မူမည့် အကြောင်းကို နန်းတွင်းသူ နန်းတွင်းသားများနှင့် တိုင်းသူပြည်သားများ ငိုယိုပူဆွေးကြပုံကို ကရုဏာရသ ပေါ်လွင်အောင် စပ်ဆိုခဲ့ပါသည်။ အပိုဒ် (၃၃၂) နှင့် (၃၃၃) တို့ကို ဖတ်ရှု လေ့လာလျှင် -

> "မကြားရက်လို၊ နန်းလုံးပြိုမျှ၊ ဥဒါပဟိုမဲ၊ ဆံကြိုးလက်မြှောက်၊ မြေကြီးမှောက်သို့၊ တောင်ခမြှောက်မပြင်၊ မုံတမင်ပြင့်၊ ပျက်ဝင်လူးလာ၊ ဟာရှာရှာတည့်၊ မူပြာဝေမှောက်၊ လျှားမှောက်ပက်လက်၊ ဦးဆံမသိမ်း၊ လေယိမ်းပန်းပင်၊ နွဲ့သော့သျှင်လျှင်၊ ရှင်ပြင်နန်းတွင်း၊ ကြမ်းတပျင်းပွင့်၊ ပူပြင်းလှိုက်မှုက်၊ အုတ်ဖုတ်ကျက်တဲ"

ဟူ၍လည်းကောင်း

> "အုတ်အုတ်ကျက်တဲ၊ မြေအက်ကွဲယို၊ ကမ္ဘာပြိုသို့၊ ရွယ်မို့ ရွယ်လတ်၊ မတည်တတ်အောင်၊ ရင်ဘတ်သတ်တီး၊ ဆံကြိုးဘားဝေ၊ ကျွတ်ပြေမသိမ်း၊ ကတိမ်းကပါး၊ နန်းသူများနှင့်၊ နန်းသားအစု၊ ရောရုဆွေးရှက်၊ ငင်ထွက်ပြေးခုန်၊ သဲးတုန်အုနှာ၊ ဝမ်းကွဲးစွာလျက်၊ ရှာပါခွေနုံး၊ ကြိမ်မီးအုံသို့၊ နှလုံးမကြည်၊ ယိုမျက်ရည်ပြင့်၊ ဆို့ကျည်မမှုပွတ်၊ နမ်းကိုရွတ်ရှို့၊ ပတ်ပတ်လည်လိမ့်၊ စက်နယ်လှိမ့်သော်၊ ဗိမ့်ဗိမ့်မဲ၊ ကျွဲဆိုနယ်၊ တွေတွေသွယ်လျက်၊ ပိတ်ကွယ်မိုးမြေ၊ မှုန်ဝေပြည့်လျှမ်း၊ အရွှမ်းရွှမ်းတည်" -

ဟူ၍လည်းကောင်း ရေးသားစီကုံးခဲ့သည်ကို တွေ့ရပါသည်။

၄၅။ ကဗျာလင်္ကာ စပ်ဆိုခြင်းသည် လွယ်ကူသောပညာရပ် မဟုတ်ပါ။ စကားပြေအရေးအသားတွင်ပင် စကားလုံး ထပ်နေလျှင် အရသာပျက်နိုင်ပါသည်။ မန်လည်ဆရာတော်ကြီးသည်ကား လင်္ကာထဲတွင် စကားလုံးထပ်ပြီး ကြားရသူ စိတ်နှလုံးကို ယူကြုံးဘိသို့ စပ်ဆိုခဲ့နိုင်ကြောင်းကို တွေ့ရပါသည်။

> "ငါ့လင် ငါ့မယား၊ ငါ့သား ငါ့သမီး၊ ငါ့ထီး ငါ့စည်၊ ငါ့တိုင်းပြည်ဟု"

ဟူ၍ တဖုံ အပိုဒ် (၁၀၈) ၌ -

"ကာမသဏ္ဍဝါ၊ ကာမရှာဒိုက်၊ ကာမာရမ္မဏာ၊ ကာမသာဓော၊ ကာမစောဖြင့်" –

ဟူ၍တနည်း အပိုဒ် (၉၃) ၌ –

"ဝဋ်မြူး ဝဋ်ပျော်၊ ဝဋ်ဟောက် ဝဋ်သင်း၊ ဝဋ်မင်း ဝဋ်စိုး၊ ဝဋ်မျိုး ဝဋ်နွယ်၊ အကာယ်နှင်နှင်၊ ဝဋ်ကျွန်ရှင်နှင့်၊ ဝဋ်လင် ဝဋ်မယား၊ ဝဋ်သား ဝဋ်သမီး၊ မွါးစည်သီးပျော်၊ ဝဋ်ထီး ဝဋ်နန်း၊ ဝဋ်ကြငှန်းကာ၊ ဝဋ်ခန်း ဝဋ်မြို့၊ ဝဋ်ဘုံ ဝဋ်အိမ်၊ ဝဋ်စည်းစိမ်ဟု" –

ဟူ၍တမျိုး မငြီးငွေ့အောင် စပ်ဆိုနိုင်စွမ်းရှိပါသည်။

ပုံနှိပ်သင်္ကေတ စီစဉ်ပြ

၄၆။ မဃဒေဝလင်္ကာသစ်၏ အတွင်းစာသားများတွင် ပေါ[illegible]ရ၊ ပေါရာဏ ခွဲထား သတ်ပုံများ ပါဝင်ခဲ့ပါသည်။ ကြည့်ရှုသူတို့ လွယ်ကူစွာ တွေ့မြင်နိုင်အောင် ပေါရာဏများကို (*) ဓရေပွင့် အမှတ်အသားဖြင့် လည်းကောင်း၊ ခွဲထားသတ်ပုံများကို († †) ဒိုင်ကားနှစ်ခုကို သက်ဆိုင်ရာ စာလုံးအသီးသီးနှင့် ယှဉ်၍လည်းကောင်း ရိုက်နှိပ်ထားပါသည်။

ကျေးဇူးစကား မြွက်ဟော်ကြား

၄၇။ မကာဒ ဓလာပအကျော် ပထမ မန်လည်ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးကို ပေးစွမ်းနိုင်သည့် "မဟာသုတကာရီ မဃဒေဝလင်္ကာသစ်" တတိယ စာမူတစုလုံးကို မူရင်းစာပေမှ ကူးယူပေးကြသော အင်းတော်မြို့ မြို့မကျောင်းရှိ ရဟန်းသာမဏေများအားလည်းကောင်း ပြင်ဆင်ဖြည့်စွက်ချက်များကို လက်နှိပ်စက်ဖြင့်

ကူးယူပေးကြသော ဦးထွန်းစိန် (လမ်းစဉ်လူငယ်) ဦးတင်ထွန်း (လယ်သမားကောင်စီ) ဦးမြအုန်း (လယ်သမားကောင်စီ) ဦးခင်မော်စိ (ပါတီယူနစ်) ဦးမြင့်အောင် (ပါတီယူနစ်) တို့အားလည်းကောင်း မူရင်းပေစာနှင့် အခြား အကိုးအကားပြုရာ စာအုပ်စာတမ်းများကို ရှာဖွေငှါးရမ်းပေးသော အင်းတော်မြို့မကျောင်း မန်လည်မြို့မ ပြာသာဒ်ကျောင်း စာကြည့်တိုက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလည်းကောင်း ကူးယူရေးသားပြီး စာမူကြမ်းများကို တည်းဖြတ်ပေးကြသော မြို့မကျောင်း ဆရာတော် ဦးနန္ဒဝံသ, တတိယ မန်လည်ဆရာတော် ဦးပုည, မန်လည်မြောက်ကျောင်း ဆရာတော် ဦးဉာဏိန္ဒ, ဦးခင်မောင် (သာသနဓဇသီရိပဝရဓမ္မာစရိယ), ဦးခင်မောင်သန်း (မူလဓမ္မာစရိယ) တို့အား လည်းကောင်း ယင်းစာမူကို မင်ကျမင်န သေသပ်စွာဖြင့် ရိုက်နှိပ်ထုတ်ဝေပေးသော ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်အား လည်းကောင်း မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့က ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသတည်း။

မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့။